လီလီ
ပန်း
များ
အောင်ခင်မြင့်


လီလီ
ပန်းများ
အောင်ခင်မြင့်

လိလိပန်းများ

ကဗျာ

အောင်ခင်မြင့်

E-Books

မာတိကာ

လီလီပန်း (၁)
လီလီပန်း (၂)
လီလီပန်း (၃)
လီလီပန်း (၄)
လီလီပန်း (၅)
လီလီပန်း (၆)
လီလီပန်း (၇)
လီလီပန်း (၈)
လီလီပန်း (၉)
လီလီပန်း (၁၀)
လီလီပန်း (၁၁)
လီလီပန်း (၁၂)
လီလီပန်း (၁၃)
လီလီပန်း (၁၄)
လီလီပန်း (၁၅)
လီလီပန်း (၁၆)
လီလီပန်း (၁၇)
လီလီပန်း (၁၈)
လီလီပန်း (၁၉)
လီလီပန်း (၂၀)
လီလီပန်း (၂၁)
လီလီပန်း (၂၂)
လီလီပန်း (၂၃)
လီလီပန်း (၂၄)
လီလီပန်း (၂၅)
လီလီပန်း (၂၆)
လီလီပန်း (၂၇)
လီလီပန်း (၂၈)
လီလီပန်း (၂၉)
လီလီပန်း (၃၀)
လီလီပန်း (၃၁)

လီလီပန်း (၃၂)
လီလီပန်း (၃၃)
လီလီပန်း (၃၄)
လီလီပန်း (၃၅)
လီလီပန်း (၃၆)
လီလီပန်း (၃၇)
လီလီပန်း (၃၈)
လီလီပန်း (၃၉)
လီလီပန်း (၄၀)
လီလီပန်း (၄၁)
လီလီပန်း (၄၂)
လီလီပန်း (၄၃)
လီလီပန်း (၄၄)
လီလီပန်း (၄၅)
လီလီပန်း (၄၆)
လီလီပန်း (၄၇)
လီလီပန်း (၄၈)
လီလီပန်း (၄၉)
လီလီပန်း (၅၀)

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက E-BOOKS READER အသုံးပြုသူများနှင့် DIGITAL DEVICES တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ E-BOOKS READER အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ E-BOOKS READER အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျှက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို DIGITAL နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ) အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက E-BOOKS MARKET အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ E-BOOKS DIGITAL MARKET ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ DIGITAL PRODUCT ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့်ချိုးဖေါက်နေမှုများကို လည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ E-BOOK ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (E-BOOK ရှိလျှင်) E-BOOK များ ကို အရင်က ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

လီလီပန်းများ (၁)

ကက်ဆက်တိတ်ခွေထဲမှာ
ကျန်ရစ်ခဲ့သောအဆွေးဇာတ်

ဂဠုန်ဟာမရှင်းဂန်းသေနတ်နဲ့
ဂိဇ္ဈကုဋ်တောင်ပေါ်ကနေငေး

ချစ်တဲ့သူကိုသတ်ပြီးကာမှ
အချစ်ရေ လို့ခပ်တိုးတိုးခေါ်မိ

ညထက်မှောင်သောမိုးတစ်ရက်
လင်းသောလီလီပန်းများပွင့်လို့။

လီလီပန်းများ (၂)

မျှော့တွေလိုတွယ်ကပ်နေသော
လက်ကောက်ဝတ်အမာရွတ်များ

အဖြူရောင်ရဲ့နောက်ကွယ်မှာ
အနက်ရောင်သမိုင်းရှိခဲ့ဖူးတာ

သစ္စာတရားကိုအရှာထွက်ဖို့
ခေါင်းတလားထဲမြင်းစိုင်းကြ

ပြန့်ကျဲနေသောသွေးစက်များမှ
လီလီပန်းများဖူးပွင့်လာပုံဆန်း။

လီလီပန်းများ (၃)

အိန္ဒိယဟာပြည်သူ့ဆံသမှာ
အတောင်ပံတွေကိုညှပ်ပစ်ခဲ့

ကျည်ဆန်ရဲ့ကိုင်းရှိုင်းပုံမျိုးနဲ့
အသွေးအသားထဲဝင်လာတာ

ဓာတ်ပုံရဲ့နောက်ကျောဘက်က
ချစ်သောခင်လေးအတွက် မောင်

သမဂ္ဂအလံတော်အောက်မှာ
ဖစ်ဂျှိုင်းနေတဲ့လီလီပန်းတွေ။

လီလီပန်းများ (၄)

အရှင်မင်းမြတ်ရဲ့ရွှေခွက်ထဲက
ရှင်မြူးစေသောအနီရောင်အရည်

သမိုင်းသတ္တဝါကြီးဗိုက်ဆာတိုင်း
တော်လှန်ရေးတွေ ပစ်ပစ်ကျွေးရ

ပြည်သူများရဲ့ဘုံအိပ်မက်ထဲမှာ
မီးလောင်နေသောလီလီပန်းခွေ

ရေဒီယိုထဲကတဟားဟားရယ်သံ
အမြဲတမ်းတစ်ပုံစံတည်းထွက်ခဲ့။

လီလီပန်းများ (၅)

ဇာခန်းဆီးပဲခြားထားတယ်
ခေတ်တစ်ခေတ်နဲ့တစ်ခေတ်

သေဖူးသောနေရာများဆီ
အလည်ပြန်လာကြသူတွေ

အလံတော်လည်းညညဆို
ငှက်ကြီးအသွင်နဲ့အစာရှာ

လျှပ်စစ်ကုလားထိုင်ပေါ်မှာ
ဂါဝန်အဖြူလေးနဲ့ လီလီ။

လီလီပန်းများ (၆)

အိပ်မပျော်သောမျက်လုံးများ

ညရဲ့ထောင်ကိုဖောက်နေ

ယုန်မုဆိုးရဲ့အလောင်းကို

ယုန်ကလေးများသယ်လာ

ငါတို့တလှည့်စီကိုင်ခဲ့ရတဲ့

စိဉ္စမာနရဲ့ရင်သားတွေ

သီတာရေမြေဆုံးချေပေါ့

မင်းဘယ်မှာပုန်းနေလဲလီလီ။

လီလီပန်းများ (၇)

မုန်တိုင်းနဲ့ရတဲ့ကိုယ့်ရင်သွေးကို
သွေးအေးအေးနဲ့သတ်ခဲ့တဲ့လီလီ

ဝင္ငှက်ကြွေးများလည်းကျေပါစေတော့
ရှားမီးခဲများပမာအဖြစ်အပျက်များ

တစ်ချိန်ကဒိုင်းနမိုက်သံကြီးဟာ
ဆွံ့အသူအဖြစ်ဇာတ်မြုပ်လို့

မြေပြင်ပေါ်ကသစ်ရွက်ကြွေတွေ
သစ်ပင်ပေါ်ကိုပြန်တက်သွားကြ။

လီလီပန်းများ (၈)

ရေတွင်းပျက်ကြီးထဲနှင်းရေလို့
ငါတို့မျိုးဆက်တစ်ခုလုံးအော်ခဲ့

ယိမ်းနွဲ့သောမြက်ဖျားများပေါ်
သီးခိုနေသောသွေးစက်များ

လီလီပန်းရဲ့မျက်လုံးတွေကို
အဝတ်နက်နဲ့စည်းနှောင်လို့

ကြွေဝိုင်းမှာအသက်ကိုရှုံးပြီးမှ
ပျော်စရာအကြောင်းများသတိရ။

လီလီပန်းများ (၉)

သေမင်းတောင်မိန်းမောရတဲ့
ရှင်ခြင်းရဲ့ရှုခင်းတန်တလျား

ဓာတ်ပုံဆရာကိုစောင့်မျှော်ရင်း
ဓာတ်ပုံဟောင်းတွေမီးရှို့နေ

ပြတ်သွားတဲ့လက် ပြန်ဆက်ဖို့
သတင်းစာနဲ့ထုတ်ယူလာခဲ့

လည်နေတဲ့စပုတ်တံတွေကြား
လီလီပန်းလေးတွေခုန်ဝင်သွား။

လီလီပန်းများ (၁၀)

ရုပ်ရှင်ပိုစတာများ

တစ်ကားပြီးတစ်ကား

ချစ်ဆွေ ကိုသန်းလှိုင်

ဆွေးစရာကျန်သေးလား

ဒီဘက်ခေတ်ရောက်တော့

သမိုင်းဟောင်းပေါ့ဘူဖေး

လီလီဟာငါ့ကိုချစ်ရင်း

ဖေ့စ်ဘွတ်ကြည့်နေခဲ့။

လီလီပန်းများ (၁၁)

ဥသြဆွဲသံဟာအသံခင်ကင်ဆာနဲ့
လည်ပင်းမှာအပေါက်ဖောက်ထားရ

လည်ဇလုတ်ပါတဲ့ညဥ့်ငှက်တွေရဲ့ခေတ်
မိုးတဖြောက်ဖြောက်မှာအသက်များစွာ

နေရောင်ပွင့်လာပုံကသူ့နောက်ကျောကို
အမှောင်ကစားနဲ့ထောက်ထားသလိုမျိုး

လီလီကလက်ညှိုးလေးနဲ့ နိုး နိုး နိုး နိုး
ကျည်ဆန်ဟာအဖော်စွပ်ပြီးဇွတ်လာပြီ။

လီလီပန်းများ (၁၂)

သော့ပေါက်ထဲကနေခိုးပြီး

ချောင်းကြည့်တော့

လီလို့ကိုယ်ပေါ်မှာပေါင်းမြက်တွေ

ပျော်ပါးလို့

မိုးတွေမှောင်မှုမြင်းကို

ကကြိုးတန်ဆာဆင်ရ

အိုးထိန်းသည်DJဟာအိုးထိန်းစက်ကိုပွတ်ပြီ

ပုံမှန်အခြေအနေကိုငြီးငွေ့သောပြည်သူတွေ

ကိုယ့်လက်ချောင်းကိုယ်french friesလိုစား

ရှော့ခ်ရိုက်လည်းကရဝိတ်ကြီးဟာလုံးဝမလှုပ်

အီးစီဂျီစက်ရဲ့မျဉ်းသေပေါ်လှေကလေးကိုလှော်။

လီလီပန်းများ (၁၃)

အဲဒီမိုးမုန်တိုင်းကြီးထဲ

Fuck you လို့ငါတို့အော်ခဲ့

ကိုယ့်အိမ်အပြန်လမ်းကို

မျက်ရည်စက်တွေနဲ့မှတ်ခဲ့

ကက်သရင်းရဲ့တစ္ဆေနဲ့

တစ်ညလုံးမှောက်မှားခဲ့တယ်

မနက်ခင်းမှာငါနိုးလာတော့

ပျော်လား လို့မေးတဲ့လီလီ။

လီလီပန်းများ (၁၄)

မြုံနေတဲ့လယ်ယာမြေသားပေါ်
ထွန်တိုတိုက်နေတဲ့စိတ်တွေ

ပစ္စေကဗုဒ္ဓါများမြင်ရမလားလို့
ကောင်းကင်ကိုသတိရတိုင်းငေး

သမိုင်းရဲ့အချိုးအကွေ့မှာပဲ
ဒိုင်နာနှစ်စီးခေါင်းချင်းဆိုင်တိုက်

လီလီဟာကုတင်ပေါ်ကလှိမ့်ချပြီး
ငရဲဆီကြွေချပစ်လိုက်တယ်။

လီလီပန်းများ (၁၅)

အဲဒီနှစ်ကာလတွေကိုကြည့်ရင်
စီးကရက်မီးခိုးကွင်းလေးတွေ

Axel Roseရဲ့စကတ်ကြီးကို
ငါတို့ဘယ်လိုမှမေ့ဖျောက်မရ

မတော်တဆမှန်သောဂျင်ဂလိန့်
သုဝဏ္ဏလျှံဟာသွေးအိုင်ထဲမှာ

လီလီဟာတစ်လှာချင်းခြွေချရင်း
ကြိုးစင်ပေါ်မှာstriptease ကနေ။

လီလီပန်းများ (၁၆)

တိတ်ဆိတ်သူတွေရဲ့လမ်းမှာ
ပန်တော်ဖြူ တွေထူထဲလှချည့်

ဂဠုန်ဝတ်စုံကြီးဟာပူအိုက်တယ်
နားထဲရေခဲရေခွက်ခေါက်သံတွေ

ဒီနေ့မာမမ်သေတယ် ဒါမှမဟုတ်
ရဟတ်ယာဉ်ဒလက်တွေမွှတ်နေ

လီလီကကိုယ့်ကိုယ်ကိုမီးရှို့ပြီး
ရှင်တော်ဗုဒ္ဓကိုပူဇော်ခဲ့တယ်။

လီလီပန်းများ (၁၇)

မဟာဒုတ်မဲပေါက်တဲ့အိမ်ရှိရာ
ရွှေရောင်ဘုရားကိုဆိုက်ကားနဲ့တင်လာ

နတ်ဝတ်စုံနဲ့ဘောကြီးကိုလှဝင်းဆီက
ဘီအီးနဲ့တထောင်းထောင်းရတာ

ခေတ်ကြီးကတစ်စုံတစ်ရာပြောခါနီး
သူ့နှုတ်ခမ်းတွေကိုပူးပြီးအစိမ်းချုပ်ပစ်တာ

နဖူးစည်းအနီနဲ့လီလီပန်းတွေဟာ
လက်သီးလက်မောင်းများတန်းကာရှေ့သို့။

လီလီပန်းများ (၁၈)

ရှင်အုန်းညိုကြွေခဲ့သလိုမျိုး
လောကဓာတ်ကြီးဟာနီမောင်းလို့

ဖရေဇာလမ်းမကြီးကိုပဲ
ရှောင်ဇေလီဇေ လို့ကိုယ်မှတ်ထင်ခဲ့

သွေးပွက်သွေးအိုင်များကို
ရှောင်ကာကွင်းကာချစ်သောလီလီဆီ

အသက်ရှင်ခြင်းနဲ့တစိမ်းပြင်ပြင်
လေထဲနောက်ပြန်လွင့်လာသောကမ္ဘာ။

လီလီပန်းများ (၁၉)

လူအုပ်ကြီးဟာတုံ့ကနဲရပ်

အဲဒီသတ္တုရောင်အထီးကျန်မှု

လူသားလည်းစားမိတဲ့အဖြစ်

ဘယ်လိုရှင်သန်မှုမျိုးပါလိမ့်

လီလီရဲ့ပွင့်လွှာချပ်များပေါ်မှာ

အရိုးရာတွေအထပ်ထပ်

မိုက်မဲသောကောဆက်များ

ရှရှပြည်ကြီးကိုမြင်းနဲ့ဆွဲသလို။

လီလီပန်းများ (၂၀)

REMခေတ်Meat Loafခေတ်

အိပ်နေတုန်းပြာမှုန်တွေလွင့်

စိတ္တဇလူသတ်သမားဟာ

ခန်းဆီးနောက်ကချောင်းမြောင်း

အနက်ရောင်လေယာဉ်ကြီးများ

စိတ်ထဲပျံ့သန်းရောက်ရှိလာပုံ

အင်းလျားကနေလီလို့ကိုပင့်ပြီး

ငါတို့time machineထဲဝင်ခဲ့။

လီလီပန်းများ (၂၁)

ဦးရှင်ကြီးစင်ကိုပုခုံးထက်မှာထမ်းကာ
သမိုင်းဟာတစ်လမ်းဝင်တစ်လမ်းထွက်

ချိုသောမွှေးသောခါကြာမုန့်ရွရွများ
အလောင်းကိုတာရပတ်နဲ့အုပ်ထား

မုန်ရှေ့မှာငါ့လက်မောင်းဗလထုတ်စဉ်
နပျိုမှုဟာအာဏာသိမ်းပိုက်ခံခဲ့ရတာ

မှတ်ဉာဏ်တွေကရေစိုထားလို့ကွက်နေ
လီလီ့ရဲ့မျက်လုံးတွေမှာအဖြူသားမပါ။

လီလီပန်းများ (၂၂)

ကိုလံဘတ်စ်ရဲ့မှန်ပြောင်းရှေ့မှာ
ဆင်စွယ်ရွာကမီးခိုးလုံးတွေဖုံးလို့

ပင့်ကူအိမ်ပုံအက်ကွဲနေသောမှန်ရှေ့
အမေဟာဖြီးလိမ်းခြယ်သနေခဲ့တာ

လီလီကတေးတစ်စကိုညဉ်းနေစဉ်
အဆွေးဘုရင်ကြီးရဲ့စန္ဒယားသံများ

ပုပ်ပွနေတဲ့ခေတ်များရေမှာပေါ်တော့
ပူးချည်ထားရက်သားသူတို့လက်တွေ။

လီလီပန်းများ (၂၃)

လင်းထိန်နေတဲ့ပန်းကန်ပြားပျံထဲက
ဘုန်းမော်ရဲ့ပုံတူကိုယ်ပွားဆင်းလာခဲ့

တင့်ကားတွေရဲ့လိင်တံအရေပြားကို
ဖန်ကွဲစနဲ့လှီးဖြတ်ပြီးဂေါ်လီမြှုပ်ထား

ညညအိပ်မပျော်သောအမာရွတ်များ
အသံမစဲပဌာန်းသံတွေအမှောင်ထဲမှာ

ဝတ်လစ်စလစ်လီလို့လည်ပင်းထက်
ဗောင်းတော်ချုပ်ဆွဲပြားတလက်လက်။

လီလီပန်းများ (၂၄)

အလံလေးတွေဝှေ့ယမ်းနေတဲ့
ခန္ဓာကိုယ်မပါသောလက်များ

နိုင်းတူးနိုင်းကားအနက်ကြီးထဲမှာ
လီလို့ပါးစပ်ကိုတိတ်တွေကပ်ထား

လမ်းအဆုံးမှာရွာအပျက်တွေ
ခွန်သန်းထွန်းတွေဂျင်မီဂျက်တွေ

လောင်ကျွမ်းနေတဲ့မီးခြစ်ဆံကို
အာမီရမ်ခွက်ထဲပစ်ထည့်ခဲ့တယ်။

လီလီပန်းများ (၂၅)

ကျောက်သားလှေကားထစ်များပေါ်က
ချိုင့်ဝင်နေတဲ့ခြေရာနက်နက်တွေ

နာဋ္ဌာဂီရိဟာဥက္ကဌကြီးရဲ့စက်ရုံထဲမှာ
အပြာရောင်အလုပ်သမားအင်္ကျီနဲ့

လက်တစ်ဖက်နဲ့ဆွဲလာတဲ့လှောင်အိမ်ထဲ
နဖူးစီးအနီနဲ့စာကလေးများတစာစာ

အုံ့ဆိုင်းမှိုင်းညို့နေသောစာမျက်နှာထက်
လီလီဟာထီးအနက်ကလေးနဲ့ရပ်လို့။

လီလီပန်းများ (၂၆)

လောကနတ်ရဲ့ဦးခေါင်းကို

အဝတ်နက်နဲ့ အုပ်လိုက်တယ်

သေဆုံးကြောင်းအတည်ပြုပေးဖို့

ရှင်ခဲ့ဖူးကြောင်းသက်သေမရှိ

ဖရွိုက်ပြောတဲ့လိင်တွန်းအားပဲ

ထောင်နှုတ်ခမ်းမှာသုတ်ရည်တွေ

ခေတ်ဟာလီလို့စကတ်အနီကို

သေနတ်ပြောင်းနဲ့မပြီးလှန်နေ။

လီလီပန်းများ (၂၇)

နန်ယန်ကျောင်းအိမ်သာက
အမွေးထူထူမိန်းမအင်္ဂါစပ်ပုံများ

အမှောင်ကဘာသာတရားအဖြစ်
ငါတို့စိတ်ထဲပျံ့နှံ့စီးဆင်းလို့

နောက်မျိုးဆက်အသက်ရှင်ဖို့
စက်ရုပ်နဲ့လိင်ဆက်ဆံပြီးဗီဇကူးရ

ဟထားတဲ့စစ်အင်္ကျီအောက်မှာ
လီလို့ရင်သားတွေဟာအထင်းသား။

လီလီပန်းများ (၂၈)

ဗုဒ္ဓကလက်ကာပြတော်မူတယ်
ဗိုလ်ချုပ်လည်းလက်ကာပြခဲ့တယ်

စိန်ပန်းနီနီတွေကိုငါတို့ဝါးစားခဲ့ကြ
သထုံကွင်းထဲမှာချစ်ဗျူဟာခင်းခဲ့ကြ

လီလို့ရဲ့ဝမ်းဗိုက်ကိုထိုးဖောက်ပြီး
အလံတော်သစ်ကြီးပေါ်ထွက်လာ

အမ်းစထရောင်းရဲ့အံ့ဘွယ်ကမ္ဘာကို
သေမင်းကာဗာပြန်ဆိုထားတာ။

လီလီပန်းများ (၂၉)

ဥရုဝေလတောအုပ်အလယ်မှာ
လမ်ဘာဂီနီတစ်စီးမီးလောင်နေ

ရှုံးနှမ်းသွားတဲ့ကျောက်ဆောင်တွေ
စိတ်ကျရောဂါနဲ့ဝေလငါးကြီးတွေ

စကြဲန်လမ်းကအင်းဆက်တွေအပေါ်
ခြေတုကြီးတစ်ဖက်ကျရောက်လာခဲ့

မြူခိုးတွေသူ့ကိုယ်ထဲကထွက်လာခိုက်
လီလီဟာထေရီတစ်ပါးလိုငြိမ်သက်။

လီလီပန်းများ (၃၀)

သမင်တွေမမွေးခင်ကတည်းက
ကျားအစားခံခံနေကြရတဲ့ကိစ္စ

တူးတူးရဲ့မိဆိုးကိုသံပြိုင်ဆိုနေတဲ့
အချုပ်ကားထဲကရော့မိုက်ကယ်တွေ

မြို့လယ်ခေါင်ရေပန်းကြီးကနေ
သွေးစက်တွေဟာဖွားကနဲဖွားကနဲ

လီလီ့နှုတ်ခမ်းထောင့်စွန်းတပိုက်မှာ
ခြောက်ကပ်နေတဲ့သမိုင်းအစအနများ။

လီလီပန်းများ (၃၁)

ခြသေ့်ရုပ်ရဲ့
လိင်တံအစစ်ကြီး

ဗုဒ္ဓခြေရာလား
နှင်းလူခြေရာလား

အနီရောင်စက္ကန့်များ
သုညဆီရောက်လု

လီလို့ပေါင်ပေါ်မှာ
သမိုင်းရဲ့သုတ်ရည်တွေ။

လီလီပန်းများ (၃၂)

ငါမှတ်မိတဲ့လူထုအုံကြွမှုနဲ့
ခိုင်ခင်ဦးရဲ့ဘရာဇီယာ

မိုဘီဒစ်ဟင်းချိုပူပူထဲ
လူသားလျှာများပြုတ်ကြွေခဲ့

သဘာဝရဲ့ရွေးချယ်မှုကြောင့်
ငါများကနေငါးများဖြစ်လာ

လီလီကငါးမျှားချိတ်ကိုဟပ်
သွေးငေါက်တောက်ဟာကဗျာ။

လီလီပန်းများ (၃၃)

သူ့နှုတ်သီးပေါ်ကသွေးစတွေသူ့လက်ခုံနဲ့သုတ်
ဘာမှမဖြစ်ခဲ့သလိုစီးကရက်တစ်လိပ်ကိုမီးညှိ

နဲ့သံနဲ့ဦးရွှေရိုးအကနဲ့ရွှေထီးနဲ့မြင်းညို ကြီးနဲ့
လောက်တွေရှုခင်းအသေထဲကနေထွက်လာ

မြက်သတ်ဆေးချိုချိုမွှေးမွှေးကိုမော့သောက်ပြီး
မိမိတို့ထံပါးမှမိမိတို့ထွက်ခွာလာခဲ့သောဒီခရီး

သေနတ်တစ်လက်ရဲ့ရင်အုပ်မွေးနက်နက်တွေမှာ
လီလို့မျက်ရည်စက်တွေတလက်လက်တွဲခိုလို့။

လီလီပန်းများ (၃၄)

အမေခိုင်းလို့ဦးပုတေးဆိုင်အသွား
လူ့ဘဝခရီးလေးဝင်ငေးမိခဲ့ရာ

ဒါဝင်ကသူ့ချက်ပလက်ဗိုက်ပူကြီးကို
တရမန်းကြမ်းနောက်ဆုတ်လာ

ဖဲချပ်ကိုဖြောင်းကနဲရိုက်ချလိုက်တော့
လောကကိုပုလွေပေးနေတဲ့ကံကြမ္မာ

လီလီပန်းတွေပွင့်တဲ့ရာသီရောက်တိုင်း
ခွေးတွေဖင်ချင်းပူးပြီးအူနေခဲ့ကြတာ။

လီလီပန်းများ (၃၅)

နှစ်ဖက်စလုံးအပစ်အခတ်ရပ်စဲဖို့
ငါ့စိတ်နဲ့ငါညှိမရတဲ့ကာလတွေ

မျက်နှာဖုံးစွပ်ပျံလွှားငှက်တွေဟာ
နွေဦးကိုကြိုးနဲ့တုပ်ပြီးခေါ်လာခဲ့ကြ

မကျည်းတော်ဖီစားတဲ့အရွယ်ကနေ
ဘလိတ်ဓားတွေစားတဲ့ရင့်ကျက်မှုဆီ

သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းထဲကလို
လီလီဟာတိုက်ခေါင်မိုးစွန်းကိုပြေးနေ။

လီလီပန်းများ (၃၆)

သူ့ခြေမမှာတပ်ထားတဲ့ကတ်ပြားပေါ်မှာ
မစ္စတာပရူးဖရော့ခ် ဂန်းရှော့လို့ရေးထား

လက်တစ်ဖက်ကတဝီးဝီးလှစ်ကိုင်ပြီး
ရန်ကုန်ဟာငါတို့နောက်ကိုလိုက်လာနေ

လူထုရဲ့ထီးတွေလေနဲ့လန်တက်သွားစဉ်
ရပ်ပွားတော်ကထီးမပါပဲမိုးသည်းထဲရပ်လို့

ထောင်ဝင်စာလာတွေ့တဲ့လီလီ့ယောနိထဲ
လိပ်ထည့်ပြီးဖွက်ယူလာတဲ့ရခဲလုစ္စာဒီကမ္ဘာ။

လီလီပန်းများ (၃၇)

ကိုယ့်လက်တောင်ကိုယ်မမြင်ရတဲ့အချိန်

လေးဖြူရဲ့အလင်းရောင်ကိုနားထောင်ခဲ့

ဟိုဘက်ကမ်းမှရယ်မောသံများပျံ့လွင့်လာ

ငါတို့လည်းအိပ်ရာနာတွေနဲ့ငြိစွန်းမိတဲ့အထိ

ကောက်ရိုးအဆာသွတ်ဂျိမ်းစ်ဒင်းတွေ

စီးကရက်ခဲရင်းတစ်ကိုယ်လုံးမီးစွဲလောင်နေ

လီလီပန်းတွေကညမအိပ်တဲ့ပန်းတွေလေ

မနက်လင်းတိုင်းလေထဲမှာပြာမှုန်တွေအပြည့်။

လီလီပန်းများ (၃၈)

အဓိပ္ပါယ်တို့ရဲ့ဟိုမှာဘက်ဆီဝယ်
မနှင်းတို့အိမ်လည်းမှောင်နဲ့မဲမဲ

ကြေးစားလူသတ်သမားရဲ့နားကျပ်မှာ
တက္ကသိုလ်ကျောင်းကငွေလမင်း

ငန်းကြီးကပုံးတစ်လုံးနေ့စဉ်ဥပေးသလို
ငါတို့ဘက်ကမပျက်မကွက်ဥညြဆွဲခဲ့

ဒရက်ကူလာရဲ့ပါးစပ်တစ်ခုလုံးဖွေးလို့
အဖြူရောင်သွေးတွေနဲ့လီလီပန်းတွေ။

လီလီပန်းများ (၃၉)

ညနေခင်းများရောက်လာပြန်တော့
အတိတ်ဆီကဆေးလိပ်မီးပွားများ

လိုက်ကာရဲ့အတွန့်အခေါက်တွေ
စော်ဖိနေရင်းငါတို့ငိုမိခဲ့တာတွေ

သတင်းဓာတ်ပုံအဟောင်းလေးထဲ
လူထုတစ်ရပ်လုံးရေပေါ်မှာရပ်လို့

လီလီပန်းတွေပိတ်ကားပေါ်မှာပွင့်တုန်း
ရုပ်ရှင်ပြီးသလိုမီးတွေရုတ်ချည်းလင်းခဲ့။

လီလီပန်းများ (၄၀)

နားပိတ်ထားလည်းကြားနေတဲ့ရဝေရဝေ

ကောင်းကင်ပေါ်မှာဝဲနေတဲ့ UFO တွေ

သရဲမွေးထားတဲ့အိမ်ထဲသွားကစားမိစဉ်

ငါတို့စိတ်ကိုတခြားစိတ်နဲ့အလဲခံခဲ့ရတာ

မာရ်နတ်ကလက်သီးဆုပ်ကိုဖြေပြတယ်

ပိုးစုန်းကြူးအသေလေးဟာတောက်ပဆဲ

မိုးကြိုးစုန်းစုန်းချုပ်မှပုစ္ဆာဟာလူးလွန့်လာခဲ့

ဆံပင်ဖားလျားပေါ်မှာလီလီပန်းတွေဝေနေ။

လီလီပန်းများ (၄၁)

အစွယ်တွေပွင့်တဲ့ရာသီမှာ
ဝံပုလွေနို့စို့ရင်းကြီးခဲ့သူတွေ

ပထမဆုံးစီးကရက်တွေထဲ
ငါတို့အသက်ကိုထည့်ဖွာခဲ့မိ

ဝိရူရလည်းမြင်းမြီးကိုဆွဲရင်း
နာဂစ်မုန်တိုင်းကြီးထဲမျောလွင့်

ငမိုးရိပ်ရေစပ်မှာမှောက်ခုံပေါ်လာ
လီလီဟာဂယက်အနက်များဖြာလို့။

လီလီပန်းများ (၄၂)

သစ်သားခေါတ်တိုင်တွေ

မှုန်ရီရီဥဒေတယံတွေ

ပုံပြင်ဆန်သောရှင်ခြင်းမှာ

ခေါ့းကိုစိတ်နဲ့ကွေးစေခဲ့

မလွယ်ပေါက်မှတဆင့်

ဂျွန်လင်နွန်ရောက်လာခဲ့

ထိုနှစ်ကာလများပြီးပြီလား

လီလီပန်းများနှုတ်ဆိတ်လို့။

လီလီပန်းများ (၄၃)

လူကြီးရုပ်ရှင်ကားများကြည့်ရင်း
ချောက်ကြမ်းပြင်ကိုခြေနဲ့စမ်းရင်း

မထေရ်မြတ်ရဲ့ရုပ်ကလပ်တော်မှ
ဆံပင်မွေးညင်းများရှည်ထွက်လာ

ရဟတ်ယာဉ်များနဲ့ပရိတ်ရွတ်ခဲ့ကြ
မီးလောင်ဖုများကိုမိုးပေါ်မှကြဲခဲ့ကြ

သင်ဖန်တီးသောတောနက်နက်ထဲ
မေးခွန်းများလိုလီလီပန်းအဖြူတွေ။

လီလီပန်းများ (၄၄)

ပက်လက်လန်နေတဲ့သုံးဘီးကားလေးတွေ
နှလုံးသားမြို့တော်ပိုစတာပေါ်ကမျက်နှာသုံးခု

လူစီဖာကအမှောင်တွေထစ်ချုန်းမလာမီ
နေ့ပြန်တိုးပေးထားတဲ့အသက်တွေပြန်သိမ်း

နတ်ရုပ်လည်းဒူးယားကိုတအားဆွဲရှိုက်လို့
ဓာတ်ဆီဓာတ်ဆံနောက်ခံဆင်တူရယ်သံများ

ဆူးလေအောဲ့စ်ဝစ်ချ် ဘတ်စ်ကားကြီးပေါ်မှာ
လီလီဟာရုံးသွားရုံးပြန်နေ့တိုင်းအထောက်ခံရ။

လီလီပန်းများ (၄၅)

အရှိန်နဲ့လာနေသောရထားတစ်စင်းရှေ့
မျက်လွှာချကာကျိုးကျိုးနွံနွံရပ်ခဲ့ခြင်းမျှ

မြားဆိပ်ပြယ်ပြီးအသက်ပြန်ဝင်လာတော့
ငါတို့တွေဟာမစင်ပုံကြီးကိုထမ်းလျက်

ဓာတ်ကြိုးထဲစီးဆင်းနေတဲ့ကာလပေါ်တေး
မီးပွားတွေထွက်နေတဲ့ရှန်းခရိုက်အနာတွေ

လီလီပန်းပွင့်ရဲ့လက်ကောက်ဝတ်ပေါ်မှာ
လိပ်ပြာဟာအတောင်တဖြန်းဖြန်းခတ်နေ။

လီလီပန်းများ (၄၆)

မြေသားရဲ့အဆုံးမှာရပ်ငေးသူ
လှိုင်းတစ်ထောင်ရဲ့အုတ်ဂူတွေ

ကျည်ဆန်လည်းတောရပ်မှီလို့
ရန်သူကိုရဟန်းဝတ်နဲ့စောင့်နေ

ငါ့အိပ်မက်တောင်ငါ့ကိုမမှတ်မိ
ဗလာနှစ်များမှတ်ဆိတ်တဖားဖား

လီလီကရေနက်ထဲဆက်ဆင်းသွား
ဘဝအစွန်မှာလျှပ်စီးများတလက်လက်။

လီလီပန်းများ (၄၇)

အလင်းရောင်ရဲ့ခြေဖဝါးမှသဲဝဲများ
မျက်လုံးတွေရှိပေမယ့်ကန်းခဲ့ကြ

လက်တစ်ဘက်နဲ့လေကိုကာပြီး
တလှုပ်လှုပ်ဓမ္မကိုမငြိမ်းရအောင်

အသက်ရှူခြင်းကအစမော့်ဆန်လှ
သာမန်နေ့များအမြစ်တွေရှည်လျား

သနပ်ခါးတွေမှုန်နေတဲ့လီလီ့ပါးပေါ်
မားများလိုအနမ်းလိုမျက်ရည်လိုကျလာ။

လီလီပန်းများ (၄၈)

မာရ်နတ်ဟာ

ဘုရားအသွင်ပြ

လက်အုပ်တွေ

လက်ခလယ်တွေ

ခွေးဟောင်သံများ

ငါတို့လည်းမှာဆွဲ

လီလီပန်းတွေနာဖို့

ဆူးဒေသနာတော်။

လီလီပန်းများ (၄၉)

မှန်စီရွှေချထားတဲ့စိတ်ကစဉ့်ကလျှားရောဂါ
စန္ဒမုခိရဲ့နို့ပြတ်ကြီးတွေနဲ့ငါ့လိင်စိတ်နိုးလာ

နောက်တစ်နေ့အစီအစဉ်ထိတီဗီရှေ့ကမထ
ကြွက်ဟာကမ္ဘာကိုလက်တစ်ဖက်နဲ့မပြီးပျံနေ

ဆေးထိုးအပ်များဟာမြင်းညိုကြီးများစီးကာ
ရန်ကင်းပိုက်လုံးပေါ်ကနေနောက်ဘဝအထိ

ငါတို့ခရိုမိုဆုမ်းထဲမိစ္ဆာပန်းများပွင့်တဲ့ချိန်ခါ
လီလီလည်းအဖေပြီးတော့သားနဲ့ဆက်ညား။

လီလီပန်းများ (၅၀)

ဂမ္ဘုန်ခေါင်းကိုစွပ်ကာ

ရာဇဝင်ကိုပြန်ကြည့်မိသောအမြင်

ငါတို့ခွေးလိုကျင့်ကြံခဲ့

အုတ်ဂူဖောက်ပြီးချစ်သူ့အရိုးကိုစုပ်ခဲ့

အပ်ချည်ကြိုးတစ်လျှောက်

အဆိပ်ရည်ကဖြည်းဖြည်းချင်းကျလာ

ချစ်သမီးလီလီ ဆိုတဲ့ခေါ်သံ

လီလို့ကိုယ်ပေါ်မှာကျီးငှက်များအုံခဲ့နေ။

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whispers of Words